UNIVERSITY OF CAMBRIDGE INTERNATIONAL EXAMINATIONS
General Certificate of Education Ordinary Level

**BURMESE** **3249/01**

Paper 1

October/November 2006

**3 hours**

Additional Materials: Answer Booklet/Paper

**READ THESE INSTRUCTIONS FIRST**

If you have been given an Answer Booklet, follow the instructions on the front cover of the Booklet.
Write your Centre number, candidate number and name on all the work you hand in.
Write in dark blue or black pen.
Do not use staples, paper clips, highlighters, glue or correction fluid.

Answer **all** questions.

At the end of the examination, fasten all your work securely together.
The number of marks is given in brackets [ ] at the end of each question or part question.

This document consists of **6** printed pages and **2** blank pages.

SP (CW/CW) T19706/3
© UCLES 2006

## Section A – Composition

**1** From the topics listed below, write **only two** compositions in **Burmese**, each of one to two pages in length.

**(a)** What makes people happy?

**(b)** Write a letter complaining about something.

**(c)** Recount the events in a typical busy day at school or college.

**(d)** Describe how it feels to watch the sun rise.

**(e)** Compose or report a conversation between two teachers who are talking about the students they have taught.

[25 x 2]

## Section B – Translation

**2** Translate into **English**. Aim to produce a translation in natural-sounding English which conveys the sense of every word in the Burmese. The text is an excerpt from an interview with Professor R. H. Taylor.

၁၉၇၅–ခုနှစ်က မြန်မာနိုင်ငံကို ပထမဆုံး သွားရောက်ခဲ့ပါတယ်။ ခုနစ်ရက်ကြာ လည်ပတ်ခွင့် ရခဲ့ပါတယ်။

အဲဒီ မတိုင်မီ အရှေ့တောင် အာရှ ဒေသကို မရောက်ဖူးပါဘူး။

ပါရဂူဘွဲ့အတွက် စာတန်းက ၁၉၃၀–ပြည့်လွန်နှစ်များအတွင်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေ ဘယ်လို ရှိခဲ့သလဲ ဆိုတဲ့အကြောင်း ဆိုတော့ မြန်မာနိုင်ငံအကြောင်း တော်တော်လေး ဖတ်ဖူးကြားဖူးနေပါတယ်။

မြန်မာစာ စသင်နေပြီ ဖြစ်ပေမဲ့ သိပ် မပြောတတ်၊ သိပ် မဖတ်တတ်သေးတဲ့အဆင့်ပဲပေါ့။

စာအုပ်စာတန်းတွေမှာ ရေးသားဖေါ်ပြထားတဲ့ မြန်မာနိုင်ငံနဲ့ တကယ်ကိုယ်တိုင် သွားရောက်တဲ့အခါ တွေ့ရတဲ့ မြန်မာနိုင်ငံဟာ တော်တော် ကွာတယ်လို့ ဆိုချင်ပါတယ်။ စာတွေနဲ့ လက်တွေ့လို့ ဆိုရပါမယ်။

မြန်မာနိုင်ငံအကြောင်းကို တကယ်တမ်း နားလည်ချင်ရင် မြန်မာစာ ဖတ်တတ်ဖို့၊ စကား ပြောတတ်ဖို့ ကြိုးစားရမယ် ဆိုတဲ့ အသိစိတ်လည်း ဝင်လာပါတယ်။

[10]

© UCLES 2006

**3** Read through the following passage and then translate it into **Burmese**.

An Indonesian was found floating on tree branches in the Indian Ocean, eight days after the terrible tsunami struck the region. The 23-year-old man said he was swept out to sea along with a number of other people, but he was the only one who survived.

He was rescued by a passing container ship on its way from South Africa to Malaysia. He was then taken to hospital in Malaysia where he recovered from the leg injuries he had suffered. He had survived by drinking rainwater and eating floating coconuts, which he cracked open using a doorknob.

He said he had been cleaning a mosque in Banda Aceh on the northern tip of the island of Sumatra when the tsunami struck. Children ran in to the mosque to warn him that the wave was coming, but he was swept out to sea. A crew member of the ship that rescued him said he couldn't believe that the man had survived.

[20]

© UCLES 2006

## Section C – Comprehension

Do **not** translate the passage below. First read the **whole passage** carefully and then give full answers to the questions that follow. The passage is taken from a short story ထဘီအညိုပွင့်နဲ့ကောင်မလေး by မစန္ဒာ။ [Source: ကလျာမဂ္ဂဇင်း။ ၁၉၉၃ အောက်တိုဘာလ။]

သူ့ကို ညိုညိုတို့၏စိတ်ထဲတွင် 'ထဘီအညိုပွင့်နဲ့ ကောင်မလေး' ဟုသာ အမှတ်သညာပြုထားမိသည်။

သူ့ကို များများစားစား တွေ့ဖူးသည်တော့ မဟုတ်။ လေးငါးဆယ်ခါလောက်သာ တွေ့ဖူးသည်ဟု ထင်သည်။ တွေ့သောအခါတိုင်း တရုပ်ပွင့်ရိုက် ထဘီအညိုပွင့်ကလေး တစ်ထည်တည်းကိုသာ တုံးပေကတ်သတ် ဝတ်ဆင်ထားတတ်သည်ကို သတိပြုမိသည်။ ထဘီက အနက်ရောင်အခံမို့ ရင့်ရသည့်အထဲ အပေါ်က အပွင့်အညိုကြီးများက ကြီးကလည်း ကြီး၊ ကျဲကလည်း ကျဲ၊ အခက်အရွက်များကလည်း ရှုပ်ဆိုတော့ တကယ့်ကို အဘွားကြီးဆင်ဖြစ်သည်။ ခန္ဓာကိုယ်အပေါ်ပိုင်းမှ တက်ထရွန်အင်္ကျီအညိုလေးကမူ ပွပြီးကျယ်နေသည်။ ဘေးနှစ်ဖက်မှ ချုပ်ပြီး –သီထားသော်လည်း ပုံပန်းမကျလှ။ သို့သော် သူ့ထဘီ အညိုပွင့်ကြီးနှင့် လိုက်ဖက်နေသဖြင့် အတန်ငယ်တော့ အဆင်ပြေသွားသည်။

'ဆန်ကွဲဝယ်တယ် ဆန်ကွဲ'

သူလာလျှင် အဝေးကြီးကတည်းက သိရသည်။ သူ့အသံက ပြာတာတာ၊ အက်တက်တက်၊ စူးတူးတူးလေးဖြစ်ပြီး 'ဆန်ကွဲဝယ်တယ်' ဟူသော စကားကို ခပ်ဆွဲဆွဲ ခပ်ဝဲဝဲလေး အော်တတ်ရာ နားထောင်ရသည်မှာ တစ်မျိုးထူးခြားနေသည်။ ထို့ကြောင့်လည်း သူ့အသံကြားတိုင်း ညိုညိုက ဒီကောင်မလေးကို စင်တင်ပေးမယ့်သူရှိရင် စတီရီယို အဆိုတော် ဖြစ်နိုင်တယ်နော် ဟု တွေးမိတတ်သည်။

ကွန်ပျူတာသင်တန်းတက်နေသော ပိုပိုကမူ ဒေါ်လာအိပ်မက်မက်နေသူမို့ 'ဆန်ကွဲကို ဒေါ်လာဝယ်ရင် ကောင်းမယ်' ဟု တွေးရင်း 'အင်း ဒီလိုသာဆိုရင် ပဲပြုတ်သည်ကလည်း သူ့ပဲပြုတ်ကို ဒေါ်လာနဲ့မှ ရောင်းမယ်ဆိုရင် အခက်ပဲ' ဟု ဆက်၍တွေးမိကာ တစ်ဦးတည်း ရယ်မိတတ်သည်။

မေမေကမူ ကောင်မလေး၏ 'ဆန်ကွဲဝယ်တယ်' အသံကြားတိုင်း ပင့်သက်ရှူတတ်သည်။ 'ဆန်ကွဲကိုများ ရောင်းရတယ်၊ ဝယ်ရတယ်လို့ အေ ကြား မကြားဖူးပါဘူး၊ ကျုပ်တို့ငယ်ငယ်တုန်းကများ ဆန်ကွဲဆိုတာ ကြက်စာ ငှက်စာပါ' ဟု တဖျစ်တောက်တောက် ပြောတတ်သည်။ ထို့နောက် သူပြာတီးပြီး ဖယ်ထားသော ဆန်ကွဲအိတ်ကို လက်နှင့် ဆကြည့်ကာ 'လာဦး' ဟု လှမ်းခေါ်တတ်သည်။

'ကြက်တွေ ငှက်တွေက အခုလည်း ရှိပါတယ် မေမေရယ်၊ ကုသိုလ်ရအောင် ကျွေးကြရအောင်လား' ဟု ပိုပိုက စလျှင် မေမေက မျက်စောင်းကြီးခဲပြီး 'ညည်းလခကို ဒေါ်လာနဲ့ရမှ ကျွေး မိဒေါ်လာရဲ့' ဟု ပြောတတ်လေသည်။

'အဲဒီဆန်ကွဲတွေ ဘာလုပ်လဲဟင်'

ညိုညိုကမေးတော့ ကောင်မလေးက ဆန်ကွဲတွေကို စုရှဲထည့်ရင်း 'မုန့်ဟင်းခါးဖို ပြန်သွင်းတယ်လေ' ဟု ပြောသည်။

'တစ်ခါတလေ အမေနေကောင်းရင်လည်း မုန့်ဟင်းခါးဖို ပြန်သွင်းမနေတော့ပါဘူး၊ အမေက မုန့်လုပ်ပြီး ရောင်းတယ်'

'အမေက နေမကောင်းလို့လား'

ကျောင်းဆရာမဖြစ်သော ညိုညိုက စပ်စုသည်။ ကောင်မလေးက ကိုးတန်း ဆယ်တန်း ကျောင်းသူအရွယ်လေးဆိုတော့ သူ့တပည့်ကလေးများလိုပင် ထင်ပြီး သူက ကရုဏာသက်မိသည်။

'ဒီလိုပါပဲ ကောင်းလိုက် မကောင်းလိုက်၊ နေမကောင်းရင်လည်း စောင်ခြုံပြီးအိပ်နေလိုက်၊ နေကောင်းတော့လည်း ထလုပ်လိုက်ပေါ့'

ကောင်မလေးက ခပ်ပေါ့ပေါ့ပင် ဖြေသည်။

'ဘာဖြစ်တာလဲ'

'ဒီလိုပါပဲ၊ ချောင်းဆိုးလိုက်၊ မောလိုက်'

'ဆရာဝန်မပြဘူးလား'

'မပြဖြစ်ပါဘူး၊ ဒီလိုပါပဲ လျက်ဆားလေး လျက်လိုက်၊ ဆေးနီမှုန့်လေး သောက်လိုက် တော်ကြာနေ ကောင်းလာတာပဲဟာ'

သူက ဒီလိုပါပဲဟူသော စကားကိုသာ ရေလဲသုံးသည်။ လေကြောရှည်နေသော ညိုညိုကိုလည်း စိတ်ရှည်ဟန်မတူ။ သနားသလိုကြည့်၊ သနားသလို ပြောနေသည်ကိုလည်း ခံချင်ဟန်မတူ။ ဆန်ကွဲဖိုးကို မြန်မြန်ရေတွက် မြန်မြန်ချေပြီး ခပ်မြန်မြန်ပင် ပြန်သွားသည်။

လူ့စိတ်ဆိုသည်မှာ အတော်ပင် ခက်သောအရာဖြစ်သည်။ 'သနားကြပါ၊ သနားကြပါ' ဟု တစာစာအော်ကာ တောင်းတတ်သော သူတောင်းစားများကို ညိုညိုက တော်ရုံနှင့် သနားလေ့ရှိသူမဟုတ်ပေ။ တစ်ခါကလည်း ခြေလက်အကောင်း၊ အရွယ်ကောင်းဖြစ်ပါလျက်နှင့် ညောင်နာနာ၊ ပျစ်ချွဲချွဲအော်ကာ တောင်းနေသူတစ်ဦးကို စေ့စေ့ကြည့်ပြီး 'ဘာဖြစ်လို့ တောင်းနေရတာလဲ၊ သူများတကာတွေလို လုပ်ကိုင်စားပါလား' ဟု သွားပြောနေ၍ ဟိုက ထမရိုက်မိ ပိုပိုခမျာ သူ့အစ်မကို အတင်းဆွဲပြေးခဲ့ရဖူးသည်။

ထိုကဲ့သို့ ချွေချွေတာတာ သနားတတ်သော ညိုညိုက အသနားခံရမည်ကို စိုးရိမ်နေဟန်ရှိသော ဒီကောင်မလေးကျတော့မှ အသနားပိုနေမိသည်။ သူ၏ ကျောင်းက မြို့လယ်ခေါင်မှ နာမည်ကြီး မိန်းကလေးကျောင်းဖြစ်သည်။ သူ၏တပည့်မလေးများက အများအားဖြင့် ချမ်းသာကြသည်။ သုံးနိုင်၊ စားနိုင်၊ ဝတ်နိုင်၊ ဆင်နိုင်ကြသည်။ စာချင်းပြိုင်ရုံသာမက လွယ်အိတ်ချင်း၊ ဖိနပ်ချင်း၊ အနွေးအင်္ကျီချင်းကအစ ပြိုင်ကြသည်။ ထည်လဲလည်း ဝတ်နိုင်သည်။ ထိုတပည့်မမျိုးလေးတွေကို နေ့စဉ်မြင်တွေ့နေရသော ညိုညိုအတွက် ဒီထဘီအညိုနှင့် ကောင်မလေးက တကယ့်ကို ကရုဏာသက်စရာလေး ဖြစ်နေသည်ကတော့ မဆန်းလှပေ။

4 ၄။ ဆန်ကွဲဝယ်တဲ့လူကို ညိုညိုက ဘာကြောင့် 'ထဘီအညိုပွင့်နဲ့ ကောင်မလေး' လို့သာ အမှတ်သညာပြုထားမိသလဲ။ [4]

5 ၅။ ဆန်ကွဲဝယ်တဲ့ကောင်မလေးလာနေတယ်ဆိုတာကို အဝေးကြီးကတည်းက ဘယ်လိုသိနိုင်သလဲ။ [4]

6 ၆။ ပိုပို့အမေက ပိုပို့ဘာကြောင့် 'ညည်းလခကို ဒေါ်လာနဲ့ရမှ ကျွေး မိဒေါ်လာရဲ့' လို့ပြောသလဲ။ [4]

7 ၇။ ဒီကောင်မလေးက ဘာဖြစ်လို့ ဆန်ကွဲ လိုက်ဝယ်သလဲ။ သူ့ရဲ့ အသက်မွေးဝမ်းကျောင်းက သူ့ဘဝကို ဘယ်လို ဖော်ပြသလဲ။ [4]

8 ၈။ ဆရာမညိုညိုက ဆန်ကွဲဝယ်တဲ့ ကောင်မလေးကို ဘယ်လိုမြင်သလဲ။ ဒီအဖြေမှာလည်း စာပိုဒ်ထဲမှာ ပါတဲ့အချက်အလက်များကို ကိုးကားပြီး ဖြေပါ။ [4]

**BLANK PAGE**

**BLANK PAGE**

*Copyright Acknowledgements:*

Section B Question 2 © BBC World Service, March 1988.
Section C © M.A. Sandra; *Kalya Magazine*, October 1993.

Permission to reproduce items where third-party owned material protected by copyright is included has been sought and cleared where possible. Every reasonable effort has been made by the publisher (UCLES) to trace copyright holders, but if any items requiring clearance have unwittingly been included, the publisher will be pleased to make amends at the earliest possible opportunity.

University of Cambridge International Examinations is part of the University of Cambridge Local Examinations Syndicate (UCLES), which is itself a department of the University of Cambridge.